# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဧပြီလ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland April 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စစ်ကောင်စီက တော်လှန်ရေးအင်အားစုများကို ပစ်မှတ်ထားဖိနှိပ်လာသည့် အလျောက် မတရားဖမ်းဆီးထိန်းသိမ်းမှုများကလည်း ပိုမိုဖြစ်ပွားလာသည်။

**ဧပြီလ ၂၀၂၄**

အကြမ်းဖက်စစ်တပ်သည် စစ်ရေးအရ ဆက်လက်ရှုံးနိမ့်နေပြီး ထိန်းချုပ်နယ်မြေများကို လက်လွှတ်ဆုံးရှုံးနေရသည်။ ပြည်သူတို့ကို အလွယ်တကူ တိုက်ခိုက်ချေမှုန်းမည်ဟု သွေးနားထင်ရောက်ခဲ့သည့်စစ်တပ်သည် **“စစ်အာဏာရှင်စနစ် ကင်းစင်သည့်နိုင်ငံကို တည်ထောင်မည်”** ဟူသော ပြည်သူတို့၏ ရှင်းလင်းပြတ်သားသည့် ခုခံတော်လှန်မှုများကြောင့် ကိုယ်စခဲ့သည့်စစ်ပွဲတွင် ကိုယ်တိုင်ကျရှုံးမည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။

ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ သတင်းအချက်အလက် ကောက်ခံစုဆောင်းမှုများက မြေပြင် အောင်မြင်မှုများတွင် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက နယ်မြေကျွမ်းကျင်မှု နည်းပါးနေချိန်တွင် ဒေသခံလူထု အခြေပြုအဖွဲ့အစည်းများက ၎င်းတို့၏ ဆယ်စုနှစ်များစွာကရရှိထားသည့် အရေးပေါ်ကူညီကယ်ဆယ်ရေးအတွေ့အကြုံ များကြောင့် ပဋိပက္ခဒဏ်ခံနေရသည့်ပြည်သူများကို ကောင်းမွန်စွာကူညီထောက်ပံ့ပေးနိုင်လျက်ရှိသည်။ **“လူထုခုခံမှု မှတဆင့် အောင်မြင်ကျော်လွှားမှုဆီသို့ - တိုက်ပွဲအတွင်းမှ နိုင်ငံကို တည်ဆောက်ခြင်း”** စာအုပ်သစ်တွင် ပါရှိသည့်အတိုင်း ဒေသခံလူထုအခြေပြုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ၎င်းတို့လုပ်ဆောင်နိုင်သည်ထက် များစွာ ပိုမိုလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရသည်။

အကူအညီများကို စနစ်တကျပေးအပ်ခြင်းသည် အရေးပေါ်အခြေအနေများကို တုံ့ပြန်ရာတွင် အဓိကကျပြီး ထိခိုက်နစ်နာသူများကို အမှန်တကယ်အကူအညီဖြစ်စေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒေသများ ဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် အလုပ်လုပ်နေကြသည့် ကွင်းဆင်းအဖွဲ့ဝင်များသည် ခြိမ်းခြောက်မှု များကို ပို၍ပို၍ ကြုံတွေ့လာကြသည်။

သို့သော် ဗမာစစ်တပ်က ကျူးလွန်ခဲ့သည့်အကြမ်းဖက်မှုများအတွက် သက်သေအထောက်အထားများရရှိရန် ၎င်းတို့က သတင်းအချက်အလက်ကောက်ခံခြင်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ထိခိုက်နစ်နာသူများအတွက် တာဝန်ယူ တာဝန်ခံမှုနှင့် တရားမျှတမှု ဆောင်ကြဉ်းပေးနိုင်ရန် စိတ်အားထက်သန်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့၏နည်းဗျူဟာနှင့် ချဉ်းကပ်မှုနည်းလမ်းများကို ပြောင်းလဲ သင့်နေပြီ ဖြစ်သည်။ စစ်ကောင်သည် ကျရှုံးမှုကို မလွဲမသွေကြုံတွေ့ရမည် ဖြစ်သည်။ အာဏာကို ငမ်းငမ်းတက် လိုချင်ပြီး နိုင်ငံကို ကိုယ်ကျိုးအတွက်သာအသုံးချခဲ့သည့် အာဏာရှင်များ၏လက်မှနိုင်ငံကို တော်လှန်ရေးအင်အားစု များက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရန် အရေးသာနေပြီ ဖြစ်သည်။

ဒီမိုကရေစီအရေးလှုပ်ရှားမှုများ မြန်ဆန်မြင့်တက်လာခြင်းသည် မြန်မာနိုင်ငံကို ဖက်ဒရယ်နိုင်ငံတစ်ခုအဖြစ်သို့ ငြိမ်းချမ်းစွာပြောင်းလဲချင်သည့် ပုဂ္ဂိုလ်များအတွက် ဖိတ်ခေါ်မှုတစ်ခု ဖြစ်သည်။ လူထုတော်လှန်မှုကို လူမှုကွန်ရက်မှ တဆင့်ဖြစ်စေ၊ ရန်ပုံငွေရှာဖွေစုဆောင်း၍ဖြစ်စေ၊ သစ္စာစောင့်သိမှုဖြင့်ဖြစ်စေ အားပေးကူညီခြင်းကြောင့် စစ်ကောင်စီ၏ ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို လပေါင်းများစွာခံနေရသည့် ထောင်ပေါင်းများစွာသော ဒေသခံပြည်သူများကို အကာအကွယ်ပေးရမည်ဖြစ်သည်။

မတ်လ (၂၇) နှင့် (၂၈) ရက်နေ့များတွင် မွန်ပြည်နယ် ကြာအင်းကျေးရွာမှ အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များကို ကူညီထောက်ပံ့သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ခစွန်းရှမ်း ကျေးရွာမှ နေဝင်းထွန်းကို စစ်ကြောမေးမြန်းပြီးနောက် ၎င်းသည် တော်လှန်ရေးအင်အားစုများကို Viber ဆက်သွယ်ရေး စနစ်မှတဆင့် ဆက်သွယ်ခဲ့ပြီး Wave Money နှင့် Kpay တို့မှတဆင့် ငွေကြေးကူညီထောက်ပံ့ခဲ့ကြောင်း တွေ့ရှိခဲ့သည်ဟု ဆိုသည်။

မတ်လ (၂၈) ရက်နေ့တွင် မော်လမြိုင်မှ မချစ်စုထွေးကို စစ်ကောင်စီက ဖမ်းဆီးပြီး စစ်ဆေးမေးမြန်းခဲ့သည်။ ၎င်း၏ Telegram အကောင့်တွင် တော်လှန်ရေးအင်အားစုများကို ငွေကြေးကူညီထောက်ပံ့ထားကြောင်း **“Viber group chat”** ၌ တွေ့ရှိခဲ့သည်ဟု စစ်ကောင်စီက ထုတ်ပြန်ခဲ့သည်။

နေဝင်းထွန်းနှင့် မချစ်စုထွေးတို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ၅၂(က) တို့ဖြင့် စွဲချက်တင်အရေးယူခဲ့ပြီး စုံစမ်းစစ်ဆေးရေးများကို ဆက်လက်လုပ်ဆောင်နေသည်။

**“အိမ်နီးနားချင်းတွေက တောက်လျှောက်အဖမ်းခံနေရတယ်။ စစ်ကောင်စီက လူတွေကို ဖမ်းပြီး ခေါင်းကို အဝတ်နက်နဲ့ အုပ်သွားတယ်။ သူတို့ ဘာကြောင့်အဖမ်းခံရတယ်ဆိုတာ မသိဘူး”** ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောသည်။

မွန်ပြည်နယ်၏မြို့တော်ဖြစ်သည့် မော်လမြိုင်မြို့တွင် ဖမ်းဆီးစစ်ဆေးမှုများကို စစ်ကောင်စီက နေ့ရောညပါ တင်းတင်းကြပ်ကြပ်လုပ်ဆောင်နေသည်။ ဖမ်းဆီးခံရသူများကို ဒုက္ခမရောက်စေလိုပါက ဖမ်းဆီးခံရသည့်အကြောင်းကို ထုတ်ဖော်မပြောရန် စစ်ကောင်စီက မိသားစုဝင်များကို ခြိမ်းခြောက်သည်။

မော်လမြိုင်မြို့တွင် စစ်ကောင်စီအဖွဲ့ဝင်များက စစ်ဆေးရေးတင်းကြပ်နေခြင်းကြောင့် ဒေသခံပြည်သူများ ပို၍ပို၍ ဖမ်းဆီးခံနေရသည်။ လမ်းဆုံလမ်းခွများ၊ မြို့ဝင်မြို့ထွက်နေရာများ၊ အစိုးရရုံးများနှင့် ငနဲတေး၊ အုတ်ဖို၊ သံလွင်၊ တောင်ပေါ်တန်း၊ မြိုင်သာယာ၊ တောင်ဝိုင်းစသည့် ၎င်းတို့ သံသယရှိသည့်နေရာများကို စစ်ကားများဖြင့် ကင်းလှည့်ပြီး စစ်ဆေးမေးမြန်းမှုကို လုပ်ဆောင်နေသည်။

ကားများ၊ ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများကို မနက်မိုးလင်းမှ ညမိုးချုပ်အထိ စစ်ဆေးမေးမြန်း ရှာဖွေနေသည်။ စစ်ဆေးမေးမြန်းမှုတွင် လူငယ်များနှင့် အမျိုးသားများကို အဓိကပစ်မှတ်ထားနေသည်။ အရပ်ဝတ် လုံခြုံရေးအဖွဲ့ဝင်များက အဝေးကနေ စောင့်ကြည့်နေကြသည်များလည်း ရှိသည်။ ဖမ်းဆီးထားသူများသည် မည်သူမည်ဝါဖြစ်သည်ကို စုံစမ်းနေဆဲဖြစ်သည်။

မော်တော်ဆိုင်ကယ်ကို နှစ်ယောက် သို့မဟုတ် သုံးယောက်စီးနင်းလာပါက နာရီနှင့်ချီကြာအောင် စစ်ဆေးမေးမြန်းခံရမည် ဖြစ်ပြီး လက်ကိုင်ဖုန်းများကိုလည်း စစ်ဆေးမည်ဖြစ်သည်။ အချို့နေရာများကို သွားလာခွင့်ကန့်သတ်ပြီး လမ်းအချို့ကိုလည်း မကြာခဏပိတ်ပင်နေသည်။ တောင်ဝိုင်းနှင့် တောင်ပေါ်တန်းလမ်းများကို စစ်ကောင်စီ၏ ရဲတပ်ဖွဲ့ဝင်များက အမြဲတမ်းစောင့်ကြည့်နေကြသည်။

စစ်ဆေးမှုများကို တင်းတင်းကြပ်ကြပ်လုပ်ဆောင်ပြီး အမျိုးသမီးများအပါအဝင် ဒေသခံပြည်သူအနည်းဆုံး (၈) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် လူမှုကွန်ရက်ပေါ်တွင် တော်လှန်ရေးအင်အားစုများ၏ သတင်းများကို ပြန်လည်မျှဝေ ခြင်းနှင့် တော်လှန်ရေးအဖွဲ့များကို ထောက်ခံအားပေး

ခြင်းများ ပြုလုပ်ခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲသည်။ ဖမ်းဆီးထားသူအများစုကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။

မတရားဖမ်းဆီးမှုနှင့် စောင့်ကြည့်မှုများကို ဆန့်ကျင်သောအားဖြင့် ရာမညဖက်ဒရယ်အင်အားစုသစ်က မတ်လ (၂၉) ရက်နေ့တွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ဆန္ဒပြမှုတစ်ခုကို ဦးဆောင်ပြုလုပ်ခဲ့သည်။ **"စစ်ကျွန်မခံနဲ့ ရာမညသားတွေ"** ဟူသော သတင်းစကားဖြင့် ဆန္ဒပြခဲ့ကြသည်။ မအောင်မြင်သည့်အာဏာသိမ်းမှုနှင့် စစ်ကောင်စီ၏ အကျင့်ပျက်သည့်အုပ်ချုပ်ရေးအဖွဲ့ကို ဆန့်ကျင်ကြောင်းပြသရန် အတွက် ဆန္ဒပြပွဲကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ရာမည ဖက်ဒရယ်အင်အားစုသစ်၏ ပြောရေးဆိုခွင့်ရှိသူ နိုင်ဗညားမာန်က စစ်ကောင်စီသည် အာဏာကိုထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ အားနည်းလာကြောင်း၊ ၎င်းတို့၏အုပ်ချုပ်မှုကို စိန်ခေါ်နိုင်ကြောင်း ပြသလိုသဖြင့် ဦးဆောင်သူများနှင့် ပါဝင်သူများက ဆန္ဒပြပွဲပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည်။

ရာမညဖက်ဒရယ်အင်အားစုသစ်၏ ထုတ်ပြန်ကြေညာချက်တွင်လည်း ပြီးခဲ့သည့် (၃) နှစ်တာကာလအတွင်း လူငယ်များ မတရားဖမ်းဆီးသတ်ဖြတ်ခံခဲ့ရမှုနှင့် အိမ်ခြေ (၃၅၀) ကျော် မီးလောင်ပျက်စီးခဲ့သည့် မွန်ကျေးရွာများအပေါ် စစ်ကောင်စီ၏ တိုက်ခိုက်မှုများကို အဓိကထား ထောက်ပြပြောဆိုခဲ့သည်။ အဆိုပါ ဖမ်းဆီးသတ်ဖြတ် အကြမ်းဖက်တိုက်ခိုက်မှုများသည် စစ်ကောင်စီက မွန်ပြည်သူများအပေါ် ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာတွင် ဖော်ပြထားသည်။

စစ်ကောင်စီ၏ ကျောထောက်နောက်ခံကုမ္ပဏီများက မော်လမြိုင်မြို့တွင် စောင့်ကြည့်ကင်မရာ(CCTV)များ တပ်ဆင်ပြီး လုံခြုံရေးကို တင်းကြပ်ထားသည်။ ထိုကဲ့သို့တင်းကြပ်ထားသည့် လုံခြုံရေးစနစ်အောက်တွင်ပင် ရာမညဖက်ဒရယ်အင်အားစုသစ်က လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။

တော်လှန်ရေးတွင် လူငယ်များက သတ္တိရှိရှိဖြင့် ပါဝင်လုပ်ဆောင်နေသည်။ ပြီးခဲ့သည့်လ မွန်အမျိုးသားနေ့တွင်လည်း **"တော်လှန်ဝံ့မှ လွတ်လပ်မည်"** ဟူသော သတင်းစကားဖြင့် ရာမညဖက်ဒရယ်အင်အားစုသစ်က မွန်လူငယ်များအကြားတွင် လှုပ်ရှားမှုပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်း ထားဝယ်မြို့တွင်လည်း မတရားဖမ်းဆီးမှုများက မြင့်တက်နေသည်။ ရေဖြူမြို့နယ် ကျောက်ရှပ်အုပ်ချုပ်ရေးမှူးအပါအဝင် လူ (၇) ဦး ဖမ်းဆီးခံခဲ့သည်။ မတ်လ (၂၉) ရက်နေ့တွင် ကျောက်ရှပ်အုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသား (၅) ဦးနှင့် အမျိုးသမီး (၁) ဦးကို စစ်ကောင်စီက ဖမ်းဆီးစစ်ဆေးခဲ့သည်။ ကလိန်အောင်အခြေစိုက် စစ်ကောင်စီတပ်စခန်း (၂) ညဘက်တိုက်ခိုက်ခံရပြီးနောက် ဖမ်းဆီးစစ်ဆေးမှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အုပ်ချုပ်ရေးမှူးသည် နေအိမ်တွင်ရှိနေစဉ် စစ်ကောင်စီတပ်သားများက လာရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အခြားရွာသား များလည်း ဖမ်းဆီးခံခဲ့ရသည်။ **"စစ်သားတွေက ချက်ချင်းရောက်လာတာ။ အိမ်ထဲကို ဝင်ပြီး လက်ပြန်ကြိုးတုပ်ပြီး ဖမ်းသွားတာ"** ဟု မျက်မြင်တစ်ဦးက ပြောသည်။

အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ လက်ထက်တွင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင်လည်း တစ်ကြိမ်ဖမ်းဆီးခံခဲ့ရကြောင်း ၎င်းနှင့်နီးစပ်သူများက ပြောသည်။ ပြီးခဲ့သည့် ၂၀၂၃ ဖေဖော်ဝါရီလတွင်လည်း ရေဖြူမြို့နယ်မှ ဒေသခံပြည်သူ (၃၃) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

စစ်ကောင်စီအကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများ သတ်ဖြတ်ခံရမှုသည်လည်း စိုးရိမ်ဖွယ်ရာဖြစ်လာသည်။ ထားဝယ်အကျဉ်းထောင် နိုင်ငံရေးအကျဉ်းသားများ ကွန်ရက်၏ သတင်းရင်းမြစ်အရ နိုင်ငံရေးအကျဉ်းသားကိုမင်းသူနှင့် ကိုဝင်းသီဟတို့ကို အကျဉ်းထောင်ပြင်ပသို့ ခေါ်ဆောင်သွားပြီး နှိပ်စက်သတ်ဖြတ်လိုက်ကြောင်း သိရသည်။ ၎င်းနောက် စစ်ကောင်စီ၏ စရဖတပ်ဖွဲ့ဝင်များက ၎င်းတို့၏ရုပ်အလောင်းကို ဖျောက်ဖျက်ခဲ့ကြသည်။

## ဧပြီလ ၂၀၂၄

အကျဉ်းထောင်တွင် တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်သည်ဟုစွပ်စွဲကာ မတ်လ (၁၇) ရက်နေ့တွင် ခေါင်းကိုအိတ်အနက်စွပ်ကာ ထောင်ပြင်ပသို့ ခေါ်ဆောင်သွားသည်။ အစ္စလမ်ဘာသာဝင်ဖြစ်သူ အသက် (၂၅) နှစ်အရွယ် ကိုမင်းသူသည် ကျန်းမာရေးမကောင်းသူဖြစ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခံထားရသူ ဖြစ်သည်။ ၎င်းပြင် အခြားပြစ်မှု (၃) ခုဖြင့် တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။ အခြားနိုင်ငံရေး အကျဉ်းသားဖြစ်သည့် ကိုမင်းသီဟသည်လည်း အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် ထောင်ဒဏ် (၇) နှစ်ကျခံနေရသူ ဖြစ်သည်။

စစ်ဆေးမေးမြန်းနေစဉ် ထွက်ပြေးရန်ကြိုးစားသဖြင့် ပစ်ခတ်ခံရကာ သေဆုံးသွားခြင်းဖြစ်ကြောင်း ထောင်အာဏာပိုင်များက ပြောဆိုပြီး သတ်ဖြတ်ခံရမှုကို ဖုံးကွယ်ရန် ကြိုးစားခဲ့ကြသည်။ ကိုမင်းသူနှင့် ကိုဝင်းသီဟတို့၏ အရုပ်အလောင်းများကို မိသားစုဝင်များက ပြန်လည်ရရှိခြင်းမရှိသည့်မည်သို့မည်ပုံဖြစ်ပျက်ခဲ့သည်ကို ဆက်လက်စုံစမ်းရန် မဖြစ်နိုင် တော့ချေ။

New York Times သတင်းဌာနက ယခုတွင်ထုတ်ဝေသည့် သတင်းတစ်ခုတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံတင်ပြထားသည့် သတင်းအချက်အလက်များကို သုံးစွဲထားပြီး စစ်ကောင်စီက နိုင်ငံရေးအကျဉ်းသားများကို ဆိုးရွားစွာ ဆက်ဆံနေမှုကို တင်ပြထားသည်။ စစ်ကောင်စီက နိုင်ငံရေးအကျဉ်းသားများကို သံတိုင်များနောက်ကွယ် တွင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်နေကြောင်း ဖော်ပြထားသည်။

**“ဒီလိုမျိုး ဆိုးရွားတဲ့ဆက်ဆံမှုတွေက ထောင်ထဲမရောက်ခင် စစ်ကြောရေးစခန်းမှာတင်ပဲ တော်တော်များများ ဖြစ်နေတယ်”**
ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒါရိုက်တာဖြစ်သူ နိုင်အဲမွန်က ပြောသည်။

တွေ့ရှိချက်များအရ မွတ်စလင်လူမျိုး ဘာသာရေးအဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားများကို တိုက်ရိုက်ပစ်မှတ်ထားနေကြောင်း သိရသည်။ အဆိုပါအကျဉ်းသားများသည် အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် ဘာသာရေးအရ အပြစ်ပေးခံနေရသည်။

အကျဉ်းထောင်များတွင် အမျိုးသမီးများသည်လည်း လိင်အခြေပြုခွဲခြားဆက်ဆံမှုများကို ကြုံတွေ့နေရသည်။ ထားဝယ် အကျဉ်းထောင်၏ အမျိုးသမီးဆောင်တွင် အမျိုးသမီးအကျဉ်းသူများသည် လူဦးရေပြည့်ကြပ်ခြင်းနှင့် အပူဒဏ်များကို ခံစားနေရသည်။ အကျဉ်းသူ (၁၄၀) ဦးအတွက် အခန်း (၃) ခန်းသာ ထားရှိထားသည်။ အကျဉ်းသူဦးရေနှင့် နေရာထိုင်ခင်းအနေအထားသည် အဆမတန်ကွာခြားနေသည်။

**“ညဘက်ဆို ဘယ်လိုမှအိပ်လို့ မရဘူး။ တစ်ညလုံး တစ်ယောက်ပုခုံးပေါ် တစ်ယောက်မှီပြီး အိပ်ရတယ်။ ခြေထောက်ကွေးပြီး ကျောချင်းကပ်အိပ်ရတယ်။ အခုရာသီဥတုနဲ့ကတော့ အခက်အခဲတော်တော်လေးဖြစ်တယ်”**
ဟု အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

အမျိုးသမီးဆောင်သည် အကျဉ်းသူ (၈၀) ဦးခန့်သာ ထားရှိရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ပြောသည်။ သို့သော် လက်ရှိတွင်မူ အဆိုပါအရေအတွက်၏ (၂) ဆနီးပါးကို ထားရှိထားသည်။ လက်ရှိတွင် အရှေ့တောင်အာရှနိုင်ငံများတွင် အပူချိန်ပြင်းထန်သည့်ရာသီဥတုဒဏ်ကို ကြုံတွေ့ခံစား နေရသည်။

ညဘက်တွင် အပူချိန်များပြီး လူပြည့်ကြပ်နေသည့်အတွက် အကျဉ်းသူများသည် အလွန်အမင်းချွေးထွက်ပြီး မူးဝေခြင်း၊ မိတ်ထွက်ခြင်းနှင့် ယားယံခြင်းများကို ခံစားနေရသည်။ ၎င်းပြင် သက်ကြီးအကျဉ်းသူများသည် အသက်ရှူရခက်ခဲသည့် ဝေဒနာကိုပါ ခံစားနေရသည်။

## ဧပြီလ ၂၀၂၄

**“အတော်များများက နေမကောင်းကြဘူး။ ပူတာရော လူကြပ်တာရောဆိုတော့ အခြေအနေက သည်းခံနိုင်ဖို့ အတော်လေးခက်ခဲတယ်”** ဟု အကျဉ်းသူတစ်ဦး၏ မိသားစုဝင်တစ်ဦးက ပြောသည်။

ထားဝယ်အကျဉ်းထောင်၏ အမျိုးသမီးဆောင်ကို မြင့်မားသည့် အုတ်နံရံများဖြင့် ကာရံထားသဖြင့် လေထွက်လေထွက် မကောင်းချေ။ ယခုကဲ့သို့ ပူပြင်းသည့်ရာသီဥတုတွင် လေဝင်လေထွက်မကောင်းခြင်းနှင့် လူပြည့်ကြပ်နေခြင်းတို့ကြောင့် အပူရှပ်ခြင်းကဲ့သို့သော ဝေဒနာများကို ပိုမိုခံစားရမည်ဖြစ်ကြောင်း ထားဝယ်မြို့မှ ဆရာဝန်တစ်ဦးက ပြောသည်။

**“ကြာလာရင် ချွေးထွက်များတာ ရေဓာတ်ခန်းခြောက်တာ “electrolyte” (သတ္တုဓာတ်တွေ)ဆုံးရှုံးတာတွေကနေ အော့အန်တာ မူးဝေတာ ကြွက်တက်တာ နှလုံးခုန်မြန်တာ ဖြစ်ပြီး နောက်ဆုံး မူးလဲတာတွေ ဖြစ်မယ်”** ဟု အဆိုပါ ဆရာဝန်က ပြောသည်။

သက်ကြီးအကျဉ်းသူများသည် သက်ငယ်အကျဉ်းသူများကဲ့သို့ ခန္ဓာကိုယ်အပူချိန် လျင်မြန်စွာပြောင်းလဲသည့် ဒဏ်ကို မခံနိုင်သဖြင့် ကျောက်ကပ်ပျက်စီးခြင်းနှင့် နှလုံးကြွက်သားထိခိုက်ခြင်းတို့ကို ခံစားရနိုင်ကြောင်း ဆရာဝန်တစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းသားများကို တစ်နေ့လျှင် (၁) ကြိမ်သာ ရေချိုးခွင့်ပေးထားပြီး တစ်ခါချိုးလျှင် ရေခွက် (၂၀) သာ ခွင့်ပြုထားကြောင်း အကျဉ်းသားဟောင်းတစ်ဦးက ပြောသည်။

အမျိုးသမီးဆောင်တွင် လက်ရှိ၌ အကျဉ်းသူ (၁၄၀) ကျော် ရှိနေပြီး (၇၅) ဦးမှာ ထောင်ဒဏ်ကျခံနေရသူ သို့မဟုတ် ပြစ်ဒဏ်ချရန် စောင့်ဆိုင်းနေသူ နိုင်ငံရေးအကျဉ်းသူများဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများက ပြောသည်။ နိုင်ငံရေးအကျဉ်းသူများအနက် အနည်းဆုံး (၆) ဦးခန့်သည် ပြင်ပဆေးရုံတွင် ပုံမှန်ဆေးကုသမှုခံယူရန် လိုအပ်နေသူများ ဖြစ်သည်။

ထောင်အာဏာပိုင်များက ထောင်ပြင်ပဆေးရုံတွင် ဆေးကုသမှုခံယူရန်လိုအပ်နေသူ နိုင်ငံရေးအကျဉ်းသားများအပေါ် ပိုမိုတင်းကြပ်သည့် စည်းကမ်းများ ချမှတ်နေကြောင်း CDM ပြုလုပ်ထားသူ ထားဝယ်အကျဉ်းထောင်မှ သူနာပြုတစ်ဦးက ပြောသည်။ ထားဝယ်အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားအကျဉ်းသူဦးရေ (၄၀၀) နီးပါး ရှိပြီး အကျဉ်းသား အားလုံးစုစုပေါင်း အယောက် (၁,၂၀၀) ကျော် ရှိသည်။

နိုင်ငံရေးအကျဉ်းသားများသည် ဒီမိုကရေစီလှုပ်ရှားမှုကို အားပေးထောက်ခံသည့်အတွက် မတရားဖမ်းဆီးအကျဉ်းချခံရသူများ ဖြစ်သည်။ ဧပြီလ (၄) ရက်နေ့တွင် ဦးဇင်မင်းဦးသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအတွက် လူမှုကွန်ရက် တွင် ရန်ပုံငွေရှာဖွေပေးခဲ့ပြီး Kpay မှတဆင့် ငွေကြေးအကူအညီ ပေးအပ်ခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲသည်။

အလားတူ မချိုချိုခိုင်သည်လည်း Wave Pay မှတဆင့် တော်လှန်ရေးအင်အားစုများကို ငွေကြေးထောက်ပံ့ခဲ့သည်ဟု စွပ်စွဲခံရသည်။ ၎င်းတို့ (၂) ဦးစလုံးသည် လူမှုကွန်ရက်မှတဆင့် အလှူငွေများကို တက်ကြွစွာစုဆောင်းကောက်ခံခဲ့ကြောင်း စစ်ကောင်စီက စွပ်စွဲသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်။ တော်လှန်ရေးအင်အားစုများကို ကူညီထောက်ပံ့သည်ဟူသော စစ်ကောင်စီ၏စွပ်စွဲမှုအောက်တွင် လူပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ကြီးမားသည့်ထောင်ဒဏ်များ ချမှတ်ခံခဲ့ရသည်။ စစ်ကောင်စီက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်ကန့်သတ်ပြီး ဖိနှိပ်ခြင်းဖြင့် အကြောက်တရားတိုးပွားရန် ရည်ရွယ်သည်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးအပ်ရာတွင်လည်း နိုင်ငံရေးအကျဉ်းသားများ မပါဝင်ချေ။ ၎င်းတို့၏ တရားမဝင်အုပ်ချုပ်မှုကို ဖီဆန်သူများအားလုံးကို စစ်ကောင်စီက အပြေးထားနေသည်။ စစ်ဘေးရှောင်များကို ကူညီထောက်ပံ့ရေး

## ဧပြီလ ၂၀၂၄

တွင် တက်ကြွစွာဦးဆောင်လုပ်ကိုင်နေသူ မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌဟောင်းဖြစ်သူ ဒေါက်တာအောင်နိုင်ဦးကို မွန်ပြည်နယ်စစ်ကောင်စီက ဖမ်းဆီးကာ စစ်ဆေးမေးမြန်းခဲ့သည်။

ဧပြီလ (၁၀) ရက်နေ့တွင် ဒေါက်တာအောင်နိုင်ဦးသည် ကျိုက်မရောမြို့နယ်ရှိ ကျေးရွာများဖြစ်သည့် ကော့သပ်နှင့် ကော့စွယ်ကျေးရွာများရှိ စစ်ဘေးရှောင်များကို ကူညီထောက်ပံ့ရန် နေအိမ်မှ ကားဖြင့်ထွက်ခွာလာခဲ့သည်။ မကြာမီမှာပင် သူနှင့် သူ့အပေါင်းအဖော်များသည် မော်လမြိုင်စက်မှုဇုန်အနီးရှိ အတ္တရံတံတားတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

စစ်ဘေးရှောင်ပြည်သူများအတွက် အခြေခံလိုအပ်ချက်များနှင့် စားနပ်ရိက္ခာများကို ကူညီထောက်ပံ့ပေးနေသူ ဒေါက်တာအောင်နိုင်ဦးကို တော်လှန်ရေးအင်အားစုများကို ကူညီနေသည်ဟု စစ်ကောင်စီက စွပ်စွဲကာ ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ဒေါက်တာအောင်နိုင်ဦးသည် စစ်ကောင်စီနှင့်လက်တွဲရန် ဆုံးဖြတ်လိုက်သည့် ၎င်း၏နိုင်ငံရေးပါတီဖြစ်သော မွန်ညီညွတ်ရေးပါတီ၏ ဗဟိုအလုပ်မှုဆောင်ရာထူးမှ နုတ်ထွက်ခဲ့ပြီးဖြစ်သည်။ ထို့နောက် ၎င်းသည် မွန်အမျိုးသား ပညာရေးကိစ္စများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စများကိုသာ မွန်ပြည်သူများ၊ ရဟန်းသံဃာတော်များနှင့် ပူးပေါင်းကာ အားကြိုးမာန်တက်လုပ်ဆောင်လာခဲ့သည်။

ကျိုက်မရောမြို့နယ်တွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလာပြီး စစ်ကောင်စီက လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်လာသည်။ ဒေါက်တာအောင်နိုင်ဦးသည် တိုက်ပွဲကြောင့် အတိဒုက္ခရောက်နေသူ များကို တတ်နိုင်သမျှ တက်ကြွစွာကူညီထောက်ပံ့ပေးနေသည်။ စစ်ကောင်စီက ထိုကဲ့သို့စွပ်စွဲနေသော်လည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကိုပြောဆိုသည့် သတင်းရင်းမြစ်ကမူ ဒေါက်တာအောင်နိုင်ဦးသည် တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်မှု အလျဉ်းမရှိကြောင်း သိရသည်။

ဒေါက်တာအောင်နိုင်ဦးသည် ၂၀၁၀၊ ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မြေတွင် (၃) ကြိမ်ဆက် အနိုင်ရခဲ့သူ လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်တွင် မွန်ပြည်နယ်လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူလည်း ဖြစ်သည်။ ဖမ်းဆီးပြီးနောက်ပိုင်း မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်၊ စစ်ကောင်စီက မည်ကဲ့သို့ စစ်ဆေးမေးမြန်းနေ သည်ကို မသိရှိရချေ။

ဧပြီလသည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပသည့် ကာလဖြစ်သော်လည်း နိုင်ငံက ပုံမှန်လည်ပတ်နေသည်ဟု လိမ်လည်ပြောဆိုနေသည့်စစ်ကောင်စီကို ဆန့်ကျင်သောအားဖြင့် ပြည်သူများက သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲခြင်း မရှိချေ။ ရန်ကုန်မြို့တွင် စစ်ကောင်စီက သင်္ကြန်မဏ္ဍပ်များ တည်ဆောက်ရာ ရေသဘင်ပွဲဆင်နွှဲခဲ့သော်လည်း ပူးပေါင်းပါဝင်သူများ မရှိဘဲ ထိုင်ခုံအလွတ်များသာ ရှိနေခဲ့သည်။

စစ်ကောင်စီက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျွန်းကုန်းကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် နေအိမ်အလုံး (၂၀) နီးပါး ထိခိုက်ပျက်စီးခဲ့သည်။

ပြင်းထန်သည့်တိုက်ခိုက်မှုကို ရုတ်တရက်ကြုံတွေ့လိုက်ရသဖြင့် တစ်ရွာလုံး အိုးအိမ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။ ယနေ့အထိ ပြည်သူအယောက် (၄၀၀) ကျော်သည် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ထွက်ပြေး တိမ်းရှောင်နေရဆဲ ဖြစ်သည်။ ကျွန်းကုန်းကျေးရွာသည် စစ်ကောင်စီက ရက်သတ္တပတ် (၂) ပတ်ကျော်ကြာ တိုက်ခိုက်ခဲ့ သည့် တရနာကျေးရွာ၏အနီးတွင် တည်ရှိသည်။ ကျေးရွာ (၂) ခုစလုံးသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် တည်ရှိသည်။

ဧပြီလ (၁၇) ရက်နေ့တွင် နိုင်ငံတကာအသိုင်းအဝိုင်းကို လှည့်ပတ်လိမ်ညာရန် စစ်ကောင်စီက အကျဉ်းသား (၃,၃၀၃) ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ မွန်ပြည်နယ်ရှိ အကျဉ်းထောင်များမှ အကျဉ်းသား (၂၀၄)

ဦးသည် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် လွတ်မြောက်လာခဲ့ကြသည်။

စစ်ကောင်စီ၏အမိန့်ဖြင့် အကျဉ်းဦးစီးဌာနက ၎င်းတို့ကို လွှတ်ပေးခြင်းဖြစ်သည်။ သို့သော် လွတ်မြောက်လာသူများတွင် ပုဒ်မ (၅၀၅) ဖြင့် ထောင်ဒဏ်ကျခံနေသူ နိုင်ငံရေးအကျဉ်းသား (၄) ဦးသာ ပါဝင်လာသည်။

ကျိုက်မရောဗဟိုအကျဉ်းထောင်မှ အကျဉ်းသား (၉၅) ဦးနှင့် အကျဉ်းသူ (၂၅) ဦး၊ မော်လမြိုင်အကျဉ်းထောင်မှ အကျဉ်းသား (၃၃) ဦးနှင့် အကျဉ်းသူ (၁၁) ဦး၊ သထုံအကျဉ်းထောင်မှ အကျဉ်းသား (၄) ဦး၊ အင်ဂဘိုရဲဘက်စခန်းမှ အကျဉ်းသား (၈) ဦး၊ ဇင်းကျိုက်ရဲဘက်စခန်းမှ အကျဉ်းသား (၃) ဦး၊ ရင်းငြိမ်ရဲဘက်စခန်းမှ အကျဉ်းသား (၁၁) ဦး၊ အင်းပြောင်ရဲဘက်စခန်းမှ အကျဉ်းသား (၆) ဦးနှင့် မုပ္ပလင်ကျောက်ထုတ်စခန်းမှ အကျဉ်းသား (၃) ဦးနှင့် အကျဉ်းသူ (၅) ဦး စုစုပေါင်း (၂၀၄) ဦးကို စစ်ကောင်စီက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

၎င်းပြင် သီရိလင်္ကာနိုင်ငံသား (၁၅) ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား (၁၃) ဦးအပါအဝင် နိုင်ငံခြားအကျဉ်းသား (၃၆) ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ပြည်နှင်ဒဏ်ပေးခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများသည် ကနဦးအစကပင် ဖမ်းဆီးချုပ်နှောင်ခံရမည့်သူများ မဟုတ်ချေ။ ထို့ကြောင့် ၎င်းတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအပေါ် အထူးတလည် ကျေးဇူးတင်ရန် မရှိချေ။ မြေပြင်တွင် ဖြစ်ပွားနေသည့် ပကတိအခြေအနေများကို ဖုံးကွယ်ရန်နှင့် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ အကျဉ်းသားများအပေါ် ထားရှိသည့် စစ်ကောင်စီ၏ သဘောထားအမှန်ကို ဖုံးကွယ်ရန်အတွက်သာ လွတ်ငြိမ်းချမ်းသာခွင့်ကို အသုံးချနေခြင်း ဖြစ်သည်။

စစ်ကောင်စီက တစ်ဖက်၌ နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းနေချိန်တွင် အခြားတစ်ဖက်၌ ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်နေသည်။

တနင်္သာရီမြို့နယ် အရှေ့မော်တုံးမှ ဒေသခံပြည်သူများက ၎င်းတို့၏ကျေးရွာကို အမှတ် (၃၀၆) အမြောက်တပ်ရင်းက သင်္ကြန်ကာလအတွင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်နေကြောင်း ပြောသည်။

မနက် (၆) နာရီခွဲအချိန်ခန့်တွင် လက်နက်ကြီးစတင်ပစ်ခတ်ခဲ့သဖြင့် နေအိမ်အတော်များများ ထိမှန်ပျက်စီးခဲ့သည်။

**“လူတွေမထိတာပဲ ကံကောင်းတယ်လို့ ပြောရမယ်။ လူရှိတဲ့နေရာတွေကို လက်နက်ကြီးမကျလို့ မထိတာ”** ဟု အနောက်မော်တုံးကျေးရွာမှ လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

ရွာသားများ၏ပြောပြချက်အရ သင်္ကြန်အကြို၊ အကြတ်နှင့် အတက်နေ့များတွင် အမှတ် (၃၀၆) အမြောက်တပ်ရင်းမှ လက်နက်ကြီးသံများ နေ့စဉ်နေ့တိုင်းကြားခဲ့ရသည်။ စစ်ကောင်စီက အနီးအနားကျေးရွာများကို ပစ်ခတ်နေခြင်းဖြစ်သည်။ မနက်စောစော၊ နေ့ခင်းနှင့် ညနေအချိန်များတွင် လက်နက်ကြီးပစ်ခတ်နေကြောင်း ရွာသားများက ပြောသည်။

သင်္ကြန်အတက်နေ့ မနက်ခင်းပိုင်းတွင် စစ်ကောင်စီက မရင်းကြီးကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ၎င်းပြင် သင်္ကြန်အကြိုနေ့နှင့် အကျနေ့တွင် မြိတ်မြို့နှင့် တနင်္သာရီမြို့ ဘန်းလမုကျေးရွာကြားရှိ ထောက်ပို့လမ်းကြောင်းကို စစ်ကောင်စီစစ်ကြောင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း တော်လှန်ရေးအင်အားစုမှ အဖွဲ့ဝင်များက ပြောသည်။

**“လမ်းကြောင်းရှင်းဖို့အတွက် ရမ်းပစ်တာပါ”** ဟု တနင်္သာရီအခြေစိုက် တော်လှန်ရေးအင်အားစုတစ်ခုမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

တနင်္သာရီမြို့နယ်တွင် ယခုနှစ်အစောပိုင်း (၃) လတာကာလအတွင်းတွင်ပင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားအယောက် (၄၀) ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး (၅) ဦးထက်နည်း သေဆုံးခဲ့ရသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာခြင်းက စစ်ကောင်စီအနေဖြင့် နယ်မြေထိန်းချုပ် နိုင်စွမ်းကျဆင်းလာသည်ကို ဖော်ပြနေသည်။ တန်ပြန်သောအားဖြင့် စစ်ကောင်စီက မော်လမြိုင်မြို့ လေယာဉ်ကွင်းနှင့် အနီးတဝိုက်တွင် စစ်အင်အား အများအပြားဖြည့်တင်းနေပြီး လုံခြုံရေးတင်းကြပ်နေသည်။

**"ဧပြီလ (၈) ရက်နေ့ မနက် (၆) နာရီနဲ့ (၉) နာရီကြားမှာ အဖြူနဲ့အပြာ ဆေးခြယ်ထားတဲ့ စစ်တပ်ထောက်ပို့ လေယာဉ်ကြီးတစ်စီးက မော်လမြိုင်လေယာဉ်ကွင်းမှာ (၇) ကြိမ်လောက် တက်လိုက်ဆင်းလိုက် လုပ်နေတယ်။ စစ်ရောင်နဲ့ အခြားထောက်ပို့လေယာဉ်တစ်စီးကလည်း အဲမနက်မှာပဲ (၂) ကြိမ် အတက်အဆင်းလုပ်ခဲ့တယ်။ ပြီးတော့ ATR 72-600 စစ်လေယာဉ်တစ်စီးကလည်း မနက် (၉) နာရီ (၄၈) မိနစ်မှာ မော်လမြိုင်လေဆိပ်ကနေ ထွက်သွားပြီးတော့ မနက် (၁၀) နာရီ (၁၉) မိနစ်လောက်မှာ ပြန်ဆင်းလာတယ်။ စစ်အင်အားတွေ ပို့ဖို့နဲ့ မဲဆောက်က သူတို့ပစ္စည်းတွေကို ဒီကိုပြန်သယ်လာဖို့ တော်တော်လေး လောနေပုံ ရတယ်"** ဟု မော်လမြိုင်မြို့မှ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အလွတ်သတင်းထောက်တစ်ဦးက ပြောသည်။

အဆိုပါလေယာဉ်အတက်အဆင်းများသည် မဲဆောက်လေယာဉ်ကွင်းကို (၇၂) နာရီမျှ အသုံးပြုခွင့်ပေးရန် နေပြည်တော်လေတပ်ဌာနချုပ်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးကို အကူအညီတောင်းခံထားသည့်ကိစ္စနှင့် ဆက်စပ်နေ သည်ဟု ယူဆရသည်။

စစ်ကောင်စီက အကူအညီတောင်းထားသည်မှာ မဲဆောက်-ရန်ကုန်လေယာဉ်ခရီးစဉ် ဖြစ်သော်လည်း လေယာဉ်ကွင်း အနီးအနားတွင် နေထိုင်သူများ၏ ပြောကြားချက်အရ မော်လမြိုင်လေယာဉ်ကွင်းကိုလည်း အသုံးပြုခဲ့သည်ဟု ဆိုသည်။

အဆိုပါလေကြောင်းလှုပ်ရှားမှုများကြောင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က သိမ်းပိုက်ထိန်းချုပ်ထားသည့် မြဝတီမြို့၏အခြေအနေသည် မသေချာ မရေရာဖြစ်နေဆဲ ဖြစ်သည်။ ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင် မရှိတော့သည့် မြဝတီမြို့ကို စစ်ကောင်စီက ဗုံးကြဲဖျက်ဆီးမည်ဟု စစ်ရေးသုံးသပ်သူများက ခန့်မှန်းနေပြီး ဒေသခံ ပြည်သူအများအပြားကလည်း အဆိုပါအခြေအနေကို ရှောင်ရှားနိုင်ရန် ပိုမိုလုံခြုံသည့် နေရာများသို့ ရွှေ့ပြောင်းနေ ကြသည်။

ဧပြီလ (၂၀) ရက်နေ့ မနက်စောစောတွင် အမှတ် (၂) မြဝတီချစ်ကြည်ရေးတံတားအနီးတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။ တိုက်ပွဲအတွင်းတွင် အရပ်သားများကို မြဝတီမြို့လယ်မှ တင်ဆောင်လာသည့် ကား (၁) စီးလည်း တိုက်ခိုက်ခံခဲ့ရသည်။ ကားပေါ်လိုက်ပါလာသူ မိန်းကလေးငယ် (၂) ဦး သေဆုံးခဲ့ပြီး မိဘ (၂) ဦးစလုံးမှာလည်း ကျည်ထိမှန်ဒဏ်ရာရခဲ့သည်။

တံ တား အ နီး တွ င် ဖြ စ် ပွား သ ည့် တို က် ပွဲ အ န္တ ရာ ယ် မှ ရှောင်တိမ်းရန် ကြိုးစားရင်း စီးနင်းလာသည့်ကားက တိုက်ပွဲအတွင်း ပိတ်မိသွားခြင်း ဖြစ်သည်။ ထိုအချိန်တွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ခဲ့သဖြင့် အရပ်သား ထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများ၏ ပစ်ခတ်တိုက်ခိုက်မှုများအကြား ပိတ်မိနေသည့် ပြည်သူများ၏ အတိဒုက္ခကို ယခုအဖြစ်အပျက်က လှစ်ဟဖော်ပြနေသည်။ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု တို့ကြောင့် အရပ်သားပြည်သူအများအပြား ထိခိုက်သေဆုံးခဲ့ကြောင်း သိရှိရသည်။ အကြမ်းဖက်တိုက်ခိုက်မှုရန်မှ လွတ်မြောက်ရန်ကြိုးစားနေသူတစ်ဦးက **"စစ်ကောင်စီရဲ့လေကြောင်းတိုက်ခိုက်မှုက ပြည်သူတွေကို လာထိတယ်။ အသေအပျောက် ဘယ်လောက်ရှိ**

**လဲသိဖို့ အဲနေရာကို ဝင်သွားလို့ မရဘူး။ အမှတ် (၅) ရပ်ကွက်က နေအိမ်တွေ လည်း မီးလောင်နေတယ်။ ဒါပေမဲ့ ဝင်သွားလို့ မရဘူး”** ဟု ပြောသည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသော်လည်း အမှတ် (၁) ချစ်ကြည်ရေး တံတားအနီးရှိ ပြည်သူများသည် မဲဆောက်မြို့သို့ ဝင်ရောက်ခွင့်မရဘဲ မြဝတီ ဘက်ခြမ်းတွင် ပြည်သူရာနှင့်ချီ ပိတ်မိနေသည်။ ဒေသခံပြည်သူ အများစုသည် သောင်းရင်မြစ်ကမ်းတွင် ပိတ်မိနေပြီး ထိုင်းနိုင်ငံတွင် ခိုလှုံခွင့်ရရန် စောင့်ဆိုင်း နေကြသည်။ အခြေအနေသည် ဆက်လက်ပြင်းထန်နေပြီး ဒေသခံပြည်သူများ သည် အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေရသည်။

စစ်ကောင်စီ၏သဘောထားသည် သိသာထင်ရှားလှသည်။ ၎င်းတို့တွင် အသိတရားများ မရှိတော့ချေ။ ပြည်သူများကို စစ်မှုမထမ်းမနေရ လုပ်ဆောင် လာခြင်းက ၎င်းတို့၏ကျရှုံးမှုအတွက် ပြည်သူတို့၏အသက်ခန္ဓာဖြင့် လျော်ကြေး ပြန်လည် ရယူလိုနေကြောင်း ဖော်ပြနေသည်။


လူထုအင်အားသည် ပေါ်ထွက်လာပြီး နောင်တွင်လည်း ဆက်လက်ခိုင်မာ သွားမည် ဖြစ်သည်။ သမိုင်းဝင် အောင်ပွဲအတွက် ပြည်သူများ၏ ကြီးမားသည့် အနစ်နာခံမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုရမည် ဖြစ်သည်။ အာဏာသိမ်းခါစကာလတွင် ပညာရှင်များက မဖြစ်နိုင်ဟု သုံးသပ်ပြောဆို ထားသည့် အနေအထားများသည် ယခုအခါတွင် လက်တွေ့ကျကျဖြစ်ပေါ်နေ ပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တော်လှန်ရေးသမိုင်းတစ်ခေတ် ဆန်းသစ်ခဲ့ပြီ ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ ဧပြီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၇၈) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၆၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၉၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၂) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၄ ဧပြီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဧပြီလ ၂၀၂၄




**3+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# 12

## ၂၀၂၄ ဧပြီလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 6 | 5 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၉၄,၀၀၀+

စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 3+ | 3+ | 11+ |
|---|---|---|
| စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 30+

စီမံကိန်းဒေသများတွင် ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ်
အသုံးပြုခံရသည့် ရွာသားများဦးရေ

**580+**

ထိခိုက်ပျက်စီးခဲ့သော
လူနေအိမ်အရေအတွက်

**75+**

ဖောက်ထွင်းခိုးယူခံခဲ့ရသည့်
လူနေအိမ်အရေအတွက်

**67+**

မတရားဖမ်းဆီးသိမ်းယူခဲ့သော
မော်တော်ဆိုင်ကယ်အရေအတွက်

**4+**

မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်
အရေအတွက်

**35+**

စစ်ကောင်စီကသိမ်းယူခဲ့သော
မော်တော်ယာဉ်အရေအတွက်

ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီးနောက်ပိုင်း ဧပြီလတွင် မွန်ပြည်နယ် မုဒုံနှင့် သံဖြူဇရပ်မြို့နယ်များမှ ဒေသခံလူငယ် အနည်းဆုံး (၂၀) ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး မော်လမြိုင်မြို့တွင်လည်း လူငယ် (၁၂) ဦး မတရားဖမ်းဆီးခံခဲ့ရသည်။

**140+**

တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ပြည်သူများကိုပစ်မှတ်ထားသည့် ဗုံးကြဲတိုက်ခိုက်မှုအရေအတွက် ဖြစ်သည်။ ဧပြီလ၌ စစ်ကောင်စီက မွန်နှင့် ကရင်ပြည်နယ်များတွင် တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များကို အသုံးပြုပြီး လေကြောင်းတိုက်ခိုက်မှု အနည်းဆုံးအကြိမ် (၄၀) ပြုလုပ်ခဲ့သည်။

## ကရင်ပြည်နယ်

- IDP 21,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 20 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

ကရင်ပြည်နယ် မြဝတီမြို့နယ် သင်္ကန်းညီနောင်နှင့် အနီးအနားဝန်းကျင်ကို စစ်ကောင်စီက အပြင်းအထန် ဗုံးကြဲနေသည်။

မတ်လ (၂၈) နှင့် (၃၁) ရက်နေ့များတွင်လည်းကောင်း ဧပြီလ (၃) နှင့် (၄) ရက်နေ့များတွင်လည်းကောင်း စစ်ကောင်စီက Y-12 ရဟတ်ယာဉ်များကို အသုံးပြုပြီး သင်္ကန်းညီနောင်အနီး ရှိ ဝေ့ရှမ်းနှင့် ဇရပ်ဖြူကုန်းကျေးရွာများကို ဗုံးကြဲတိုက်ခိုက် ခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်များက ပြောသည်။ ၎င်းပြင် လက်နက်ကြီးဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

စစ်ကောင်စီနှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် ပူးပေါင်းတပ်တို့အကြား မတ်လ (၇) ရက်နေ့မှစ၍ တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး အဆိုပါတိုက်ပွဲသည် တစ်လနီးပါးကြာမြင့်ခဲ့သည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မဟာမိတ်အဖွဲ့တို့က အမှတ် (၃၅၅) ခြေမြန်တပ်ရင်းကို မတ်လ (၉) ရက်နေ့တွင် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် မတ်လ (၁၅) ရက်နေ့မှ (၂၅) ရက်အထိ တိုက်ပွဲဆက်လက် ပြင်းထန်နေဆဲဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ထားသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီ တပ်သား (၂၀) ကျော် သေဆုံးခဲ့ပြီး တော်လှန်ရေးတပ်ဖွဲ့များမှ ရဲဘော်တစ်ဦး ကျဆုံးခဲ့သည်။

တိုက်ပွဲက ဆက်လက်ပြင်းထန်နေသဖြင့် ဒေသခံပြည်သူများမှာ ထိခိုက်နစ်နာမှု ပိုမိုများပြားလာသည်။ နေအိမ်များသည် လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည်။ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ထိခိုက်ပျက်စီးမှုပမာဏကို မှန်းဆ၍မရသေးချေ။ သင်္ကန်းညီနောင်တွင် ဒေသခံများ၏နေအိမ်များကို အပြင်းအထန်ဗုံးကြဲပြီး ဖျက်ဆီးနေဆဲဖြစ်ကြောင်း မြဝတီမြို့ခံများက ပြောသည်။

ဒူပလာယားခရိုင် ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ (၆) နယ်မြေတွင် စစ်ကောင်စီတပ်က ဒရုန်းဖြင့်ဗုံးကြဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သဖြင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့သည်။

သင်္ကန်းညီနောင်နှင့် ဝေ့ရှမ်းကျေးရွာများအနီးတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် စစ်ကောင်စီတို့ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေသည်။ စစ်ကောင်စီတပ်က စစ်ကြောင်းများဖြင့် အင်အားဖြည့်တင်းလာသဖြင့် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသည်။

တော်လှန်ရေးတပ်များ၏ တန်ပြန်တိုက်ခိုက်မှုကို တားဆီးရန်အတွက် ဗျူဟာကုန်းအနီးရှိ နေအိမ်များကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။ ရှည်ကြာလှသည့် သင်္ကန်းညီနောင်တိုက်ပွဲတွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်က အမှတ် (၃၅၅) နှင့် (၃၅၆) ခြေမြန်တပ်ရင်း (၂) ကို သိမ်းပိုက်နိုင်ခဲ့ပြီး ကျန်ရှိနေသည့် တပ်ရင်းများနှင့် ဗျူဟာကုန်းကို ဆက်လက်တိုက်ခိုက်နေသည်။

တိုက်ပွဲကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့သည့်အပြင် အများအပြားမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဒေသခံပြည်သူ (၁၀,၀၀၀) ကျော် နေရပ်စွန့်ခွာခဲ့ရသည်။ စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် သင်္ကန်းညီနောင်နှင့် ဝေ့ရှမ်းရှိ နေအိမ်အားလုံးနီးပါး ပျက်စီးကာ ပြာပုံဖြစ်ရခဲ့ကြောင်း ရွာသားများက ပြောသည်။

အမှတ် (၈၁) ခြေမြန်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဂူနှင့် နောင်းခေတ်ကျေးရွာများမှ ဒေသခံပြည်သူ (၂) ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်အများအပြား ပျက်စီးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် ဧပြီလ လလယ်တွင်

ဖြစ်ပွားခဲ့သည်။ နေ့လည် (၁၂) နာရီခွဲအချိန်တွင် ကျေးရွာ (၂) ရွာလုံး၌ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ကော့ဂူကျေးရွာတွင် လက်နက်ကြီးကျည် (၆) လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး နောင်းခေတ်ကျေးရွာတွင် ကျည် (၃) လုံး ကျရောက်ပေါက်ကွဲခဲ့သည်။ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။ ရွာသားများ ထိခိုက်မှုမရှိသော်လည်း အပျက်အစီးများမှာ များပြားခဲ့သည်။ နောင်းခေတ်ကျေးရွာတစ်ရွာတည်းတွင်ပင် နေအိမ် (၄) လုံး ပျက်စီးခဲ့သည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် စစ်ကောင်စီ တပ်သားများသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်သို့ စစ်ကြောင်းထိုးလာပြီး အင်အားဖြည့်တင်းနေသည်။

စစ်ရေးလှုပ်ရှားမှုများသည် နေ့တိုင်းရှိနေပြီး လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှု များလည်း ပြုလုပ်နေသဖြင့် ဒေသခံပြည်သူများအတွက် အန္တရာယ်ရှိနေသည့်အနေအထား ဖြစ်သည်။

ဧပြီလ (၂၃) ရက်နေ့ နံနက် (၉) နာရီတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက် (၄၈) နှစ်အရွယ် ဒေသခံအမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်အနည်းဆုံး (၇) လုံး ပျက်စီးခဲ့သည်။ အနီးအနားတွင် တိုက်ပွဲဖြစ်ပွားနေခြင်း မရှိချေ။ စစ်ရဟတ်ယာဉ်ဖြင့် ဗုံး (၁၂) လုံး ကြဲချခဲ့ခြင်း ဖြစ်သည်။

ဒေသခံပြည်သူများသည် ခက်ခဲကြပ်တည်းသည့်ကာလကို ရင်ဆိုင်နေရပြီး စစ်ဘေးရှောင်ပြည်သူများအတွက် အကူအညီများ တိုးမြှင့်ရရှိရန်နှင့် ၎င်းတို့အတွက် အလုပ်ဖြစ်သည့် ရေရှည်ဖြေရှင်းမှုများ ချမှတ်ရန် လိုအပ်နေသည်။



## မွန်ပြည်နယ်

- IDP 12,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 22 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ်တွင် စစ်ကောင်စီက ကျန်းမာရေးဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးစေတနာ့ဝန်ထမ်းများကို ပစ်မှတ်ထားအကြမ်းဖက်နေသည်။

၂၀၂၄ မတ်လ (၂၇) ရက်နေ့ ညနေ (၈) နာရီတွင် လူနာတင်ယာဉ်တစ်စီးသည် မွန်ပြည်နယ် သထုံမြို့နယ် ကမာစိုင်ကျေးရွာအနီးရှိ ရန်ကုန် - မော်လမြိုင်ကားလမ်းပေါ်တွင် မြေမြှုပ်မိုင်းဖြင့် တိုက်ခိုက်ခံရသည့်အပြင် သေနတ်ဖြင့်ပစ်ခတ်မှုပါ ကြုံတွေ့ခဲ့ရသည်။ ယာဉ်မောင်းနှင့် လူနာဖြစ်သူတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

“မိုင်းထိပြီးတော့ သေနတ်နဲ့ ပစ်ခံရတာပဲ။ ယာဉ်မောင်းနဲ့ လူနာတော့ ဒဏ်ရာရသွားတယ်။ တခြားသူတွေက ဘာမှ မဖြစ်ဘူး။ ကားဘော်ဒီတစ်ခုလုံးမှာ ကျည်ပေါက်ရာတွေချည်းပဲ” ဟု လူမှုကယ်ဆယ်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရက်ပိုင်းအကြာတွင် ရမ်းသမ်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ (၁) ဦး သေဆုံးခဲ့သည်။ မတ်လ (၃၀) ရက်နေ့ ညနေ (၃) နာရီအချိန်တွင် ကျိုက်မရောမြို့နယ် သံကလောင်ကျေးရွာတွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်က အသက် (၆၀) အရွယ် သံကလောင်ရွာသား အမျိုးသား (၁) ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

ကင်းလှည့်နေသည့်စစ်ကြောင်းက သံကလောင်ကျေးရွာတောင်ဘက်ရှိ ၎င်း၏ခြံတွင် ဟင်းသီးဟင်းရွက်ပင်များကို ရေလောင်းနေသည့် နိုင်ကရုန်းကို ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

“စစ်သားတွေက ရွာထဲမှာပဲ ရှိနေသေးတယ်။ အသတ်ခံရမှာ တိုက်ပွဲမှာဒဏ်ရာရမှာတွေကို ကြောက်ပြီး လူတော်တော်များများက ထွက်ပြေးသွားကြပြီ” ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်သားများက နိုင်ကရုန်းကို တွေ့ရှိချိန်တွင် ၎င်းအားလှမ်းခေါ်ခဲ့သည်။ နိုင်ကရုန်းက ဗမာစကားကို ကောင်းစွာနားမလည်သဖြင့် ကြောက်ရွံ့ကာ မည်သို့ပြုမူတုံ့ပြန်ရမည်ကို မသိချေ။ လူ့အသက်ကို မြက်တစ်ပင်မျှပင် တန်ဖိုးမထားသည့် စစ်ကောင်စီတပ်သားများက ၎င်းကို အဆိုပါနေရာတွင်ပင် ပစ်သတ်ခဲ့သည်။

ရှည်ကြာလာသည့်တိုက်ပွဲများတွင် ကလေးသူငယ်များကလည်း ပစ်မှတ်များဖြစ်လာသည်။ ကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူ (၆) ဦးသည် မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကျေးရွာများကို စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်သားများ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လ (၂၇) နှင့် (၂၈) ရက်နေ့များတွင် အမှတ် (၉) ခြေမြန်တပ်ရင်းက သထုံမြို့နယ် ထုံးဘိုလေး၊ ချောင်းစောက်နှင့် ထုံးဘိုကြီးကျေးရွာများကို လက်နက်ကြီးဖြင့် အနည်းဆုံး (၁၃) ကြိမ် တိုက်ခိုက်ခဲ့သည်။

အသက် (၁၃) နှစ်အရွယ် ကလေးငယ်ဖြစ်သူ စောဖြိုးဖြိုး သေဆုံးခဲ့ပြီး အသက် (၁၆) နှစ်အရွယ် စောနေလင်းနှင့် အသက် (၂၃) နှစ်အရွယ် ချောတန်ခူး၊ အသက် (၅၆) နှစ်အရွယ် ဦးမောင်ထွေး၊ အသက် (၅၄) နှစ်အဩ္ဍရွယ် နော်နိုးရီနှင့် အသက် (၅၇) နှစ်အရွယ် ထီးပန်းစိန်တို့ လက်နက်ကြီးထိမှန်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

“ဗမာစစ်တပ်က တိုက်ပွဲမရှိဘဲ လက်နက်ကြီးနဲ့ပစ်နေတာ။ ရွာထဲမှာရှိတဲ့သူတွေကတော့ ပြေးကုန်ကြပြီ။ မပြေးနိုင်တဲ့သူတွေက ဗုံးခိုကျင်းမှာ ပုန်းနေရတယ်။ လက်နက်ကြီးမပစ်တဲ့နေ့ကို မရှိဘူး” ဟု ထုံးဘိုလေးကျေးရွာမှ ဒေသခံ

တစ်ဦးက ပြောသည်။

စစ်ကောင်စီ၏တိုက်ခိုက်မှုကြောင့် ထုံးဘိုလေး၊ ထုံးဘိုကြီး၊ ချောင်းစောက်နှင့် ထော့ကောကျိုးစသည့်ကျေးရွာ (၆) ရွာမှ ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာကာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း သထုံမြို့နယ်ရှိပြည်သူများသည် လေကြောင်းတိုက်ခိုက်မှု မကြာခဏ ကြုံတွေ့နေရပြီး လူသားဒိုင်းအဖြစ် ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရသည်။ မတရားဖမ်းဆီးသတ်ဖြတ်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို ခံစားနေရသည်။

မတ်လ (၂၃) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် မင်းစောကျေးရွာကို စစ်ကောင်စီက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကော်သူလေးအလယ်တန်းကျောင်း (၃) ကျောင်း၊ ဘာသာရေးအဆောက်အဦး (၂) ခု၊ နေအိမ် (၁၂) လုံးနှင့် ဒေသခံပြည်သူတစ်ဦး ထိခိုက်ခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

မွန်ပြည်နယ်စစ်ကောင်စီက ဓမ္မသကျေးရွာကို လက်နက်ကြီးပစ်ခတ်မှုရော လေကြောင်းတိုက်ခိုက်မှုပါ ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သည်။

ကျေးရွာနှင့်အနီးအနားတဝိုက်တွင် ပျက်စီးဆုံးရှုံးမှုအများအပြား ဖြစ်ပွားခဲ့ပြီး နေအိမ်အားလုံးနီးပါး ပျက်စီးခဲ့သည်။ တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် (၂) ပတ်ကျော်ကာလအတွင်း နေအိမ်အလုံး (၃၀၀) ကျော် ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၅,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇမာစစ်တပ်က ဓမ္မသကျေးရွာအနီးရှိ တရနာကျေးရွာကိုလည်း ဖုံးကြဲကာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုများလည်း ဖြစ်ပွားခဲ့သည်။ ဒေသခံပြည်သူအများစုသည် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်သေဆုံးမှုများကို ခန့်မှန်းတွက်ချက်၍ မရသေးချေ။

တိုက်ပွဲပြင်းထန်နေသဖြင့် ပြည်သူတို့၏အသက် အိုးအိမ်သည် စိုးရိမ်ဖွယ်အခြေအနေတွင် ရှိနေသည်။ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားရာတွင်လည်း အန္တရာယ်အများအပြားနှင့် ရင်ဆိုင်နေရသည်။ ဧပြီလ (၁၄) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သံကလောင်ကျေးရွာမှ ဆရာတော်တစ်ပါးကို စစ်ကောင်စီတပ်ဖွဲ့ဝင် များက ပစ်သတ်ခဲ့သည်။

နေ့လည်ခင်းအချိန်တွင် ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံမျက်မြင်သက်သေများက ပြောသည်။ ဆရာတော်ဦးဝရသည် ဆွမ်းစားပြီးနောက် ကပ္ပိယတစ်ဦးနှင့်အတူ ကျေးရွာစာသင်ကျောင်းမှ မော်တော်ကားဖြင့် ထွက်ခွာလာစဉ် တရနာကျေးရွာအဝင်ဝအရောက်တွင် ပစ်ခတ်ခံရခြင်း ဖြစ်သည်။ ကျေးရွာအဝင်တွင် စစ်ကောင်စီတပ်သားများက တပ်စွဲထားပြီး မော်တော်ယာဉ်ရောက်ရှိလာချိန်တွင် သေနတ်ဖြင့် ဆက်တိုက်ပစ်ခတ် ခဲ့သည်။

"အဲဒီနေရာမှာ စစ်သားတွေက တပ်စွဲထားတယ်။ သိသိကြီးနဲ့ကို ပစ်တာ။ ဆရာတော်ရော ကပ္ပိယပါ ကားထဲမှာပဲ ပွဲချင်းပြီး သေသွားတယ်" ဟု အဖြစ်အပျက်ကိုသိရှိသူတစ်ဦးက ပြောသည်။

အဆိုပါအဖြစ်အပျက်သည် ဒေသအတွင်းတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေပြီဖြစ်ကြောင်း ပြသနေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ နယ်သတင်းထောက်အဖွဲ့က အဆိုပါဖြစ်စဉ်ကို ဆက်လက်စုံစမ်းလျက်ရှိသည်။ စစ်ရေးတင်းမာမှုနှင့် အကြမ်းဖက်မှုများသည် လျော့ကျသွားမည့်အရိပ်အယောင် မရှိချေ။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကွန်းကုန်းကျေးရွာတွင် စစ်ကောင်စီက လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်ခဲ့ရာ နေအိမ်အလုံး (၂၀) နီးပါး ထိခိုက်ပျက်စီးခဲ့သည်။

ကျေးရွာတွင် မီးလောင်နေဆဲဖြစ်ကြောင်း သတင်းပေးပို့ချက်အရ သိရှိရသည်။ သင်္ကြန်အကျနေ့ မနက် (၁၁) နာရီခန့်တွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ရုတ်တရက် အကြမ်းဖက်တိုက်ခိုက်လာခြင်းကြောင့် ရွာလုံးကျွတ်နီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ယနေ့အချိန်အထိ ဒေသခံပြည်သူ (၄၀၀) ကျော်သည် အဝတ်တစ်ထည် ကိုယ်တစ်ခု

ဖြင့် ထွက်ပြေးလာခဲ့ရသည်။

လက်ကိုင်ဖုန်းများကို စစ်ဆေးကာ ဖမ်းဆီးမှုများ ပြုလုပ်လာသဖြင့် မော်လမြိုင်မြို့ခံများအကြားတွင် စိုးရိမ် ကြောက်လန့်မှုများ ဖြစ်ပေါ်နေသည်။

ဇန်နဝါရီလမှ ဧပြီလအတွင်း မော်လမြိုင်မှ ဒေသခံပြည်သူ အနည်းဆုံး (၃၀) ဦး ဖမ်းဆီးခံခဲ့ရသည်။ အများစုမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခံခဲ့ရသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး) တို့အကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသည်။ စစ်ကောင်စီတပ်သားများသည် မွန်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များတွင် တပ်စွဲနေထိုင်နေကြသည်။

စစ်ဘေးရှောင်ပြည်သူအများစုသည် နီးစပ်ရာဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေရပြီး အခြေခံလိုအပ်ချက်များ အတွက် ရဟန်းသံဃာတော်များ၊ ဒေသခံအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များ၏ ကူညီထောက်ပံ့မှုကိုသာ မှီခိုနေရသည်။ သို့သော် လာမည့်မိုးရာသီတွင် ကူညီထောက်ပံ့မှုများ နည်းပါးလာနိုင်ပြီး အခက်အခဲအကြပ်အတည်းများ ရင်ဆိုင်ရနိုင်ဖွယ် ရှိသည်။

"အချိန်ကြာလာတော့ အလှူရှင်တွေ နည်းလာမှာကို စိုးရိမ်ရတယ်။ ကျွန်တော်တို့က အလှူရှင်တွေကိုပဲ အားကိုးနေရတာ။ အလှူရှင်တွေ လျော့သွားတာနဲ့ အစားအသောက်တို့ နေရာထိုင်ခင်းတို့က ချက်ချင်း ဒုက္ခရောက်မှာ" ဟု စစ်ဘေးရှောင်အရေးကူညီပေးနေသူတစ်ဦးက ပြောသည်။

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 14,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 25 ဦးခန့်
- သေဆုံးသူ 10 ဦးခန့်

ရေဖြူမြို့နယ် ဖောင်တောကျေးရွာတွင် စစ်ကောင်စီတပ်သားများနှင့် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များက သားအဖ (၂) ဦးကို ဧပြီလ (၁၈) ရက်နေ့ညတွင် ၎င်းတို့၏နေအိမ်တွင်ပင် ဖမ်းဆီးခဲ့သည်။ ဦးဝင်းဘိုနှင့် သားဖြစ်သူ ကိုရဲထွေးနောင်ကို ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ ရေတပ်က တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အကြောင်းရင်းအတိအကျကိုမူ မသိရှိရချေ။

လာရောက်ဖမ်းဆီးချိန်တွင် နေအိမ်ရှိ လက်ကိုင်ဖုန်းအားလုံးကိုလည်း သိမ်းယူသွားသည်။ ယခုနှစ် ဖေဖော်ဝါရီလ တွင်လည်း အုပ်ချုပ်ရေးမှူးဟောင်းအပါအဝင် ရွာသား (၃) ဦးကို ရေဖြူမြို့နယ်အနောက်ဘက်ရှိ မောရဝတီရေတပ်က ဖမ်းဆီးခဲ့သည်။ အုပ်ချုပ်ရေးမှူးဟောင်း (၁) ဦးသာ ပြန်လည်လွတ်မြောက်လာခဲ့ပြီး အခြား (၂) ဦးကို ဆက်လက် ချုပ်နှောင်ထားသည်။ ဖမ်းဆီးရခြင်း၏ နောက်ကွယ်ကအကြောင်းရင်းကို ဒေသခံပြည်သူများကလည်း မသိရှိရချေ။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် စစ်ဆင်ရေးများ မြင့်တက်လာသည့်အလျောက် နေရပ်စွန့်ခွာထွက်ပြေး ရမှုများ နေရာအနှံ့ဖြစ်ပွားလာသည်။ ဆင်ကူး၊ ဘုတ်ကိုင်း၊ ကျွဲစပ်၊ ဆင်ကျန်း၊ လဘ၊ ပိတိုင်၊ ပြင်းဖြူကြီးနှင့် ပြင်းဖြူသားကျေးရွာများမှ အိမ်ထောင်စု (၂,၀၀၀) နီးပါးသည် နယ်မြေမတည်ငြိမ်မှုကြောင့် ထွက်ပြေးတိမ်းရှောင် နေရသည်။

စစ်ကောင်စီ၏ အရပ်သားကိုပစ်မှတ်ထားသည့် နည်းဗျူဟာကြောင့် ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရခြင်း ဖြစ်သည်။ ဧပြီလ (၂၂) ရက်နေ့တွင် စစ်သားများ ဆင်ကူးကျေးရွာကို ကားများဖြင့် ရောက်ရှိလာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ အခြားနေအိမ်များသို့လည်း မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ပြည်သူများကို တိုက်ရိုက်တိုက်ခိုက်မှုများအပြင် စစ်သားဦးရေ (၃၀) ခန့်ဖြင့် ထားဝယ် - မြိတ် အဝေးပြေး ကားလမ်းမကြီးကို ထိန်းချုပ်ပြီး အထက်ဖော်ပြပါ ပြင်းဖြူကြီးနှင့် ချောက်ချောင်းကျေးရွာများတွင် ဒေသခံပြည်သူများ ကို ဖိနှိပ်နေသည်။ ဧပြီလ (၂၃) ရက်နေ့ နေ့ခင်း (၂) နာရီခန့်တွင် ဆင်ကျန်းနှင့် ကျွဲစပ်ကျေးရွာကြား၌ စစ်ကောင်စီတပ်နှင့် ဒေသခံတော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲ (၂) နာရီနီးပါး ဖြစ်ပွားခဲ့သည်။

စစ်သားများ ရောက်ရှိလာခြင်းနှင့် ထားဝယ် - မြိတ် အဝေးပြေးလမ်းမကြီးတစ်လျှောက် တိုက်ပွဲများ မကြာခဏဖြစ်ပွား နေခြင်းတို့ကြောင်း လမ်းပိတ်ဆို့မှုများ နာရီနှင့်ချီကြာအောင် ဖြစ်ပွားနေသည်။ အနီးအနားကျေးရွာ (၈) ရွာမှ ဒေသခံပြည်သူများသည် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

"စစ်ရှောင်ပြည်သူတွေ အများကြီးရောက်လာတယ်။ ရရာသယ်ပြီး ထွက်ပြေးလာကြတယ်။ အများစုက စားစရာပါမလာဘူး။ ဒီမှာတော့ ရှိတာကျွေးရတာပေါ့" ဟု အမျိုးသမီးတစ်ဦးက မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ပြောသည်။

အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်ခဲ့သူ ဆင်ကူးကျေးရွာမှ ကျောင်းသားတစ်ဦးက "ရွာကတော့ သုသာန်တစပြင်လို ဖြစ်နေပါပြီ။ စစ်သားတွေကြောင့် တစ်ရွာလုံး ထွက်ပြေးနေရတယ်" ဟု ပြောသည်။

ဧပြီလ (၂၂) ရက်နေ့တွင် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အရှေ့ဘက်တွင် စစ်ကောင်စီနှင့် တော်လှန်ရေး အင်အားစုအကြား တိုက်ပွဲပြင်းထန်ခဲ့ပြီး မူလကပင် စားနပ်ရိက္ခာနှင့် နေရာထိုင်ခင်း အခက်အခဲများ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများအတွက် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်ခဲ့ရပြန်သည်။

ရေဖြူမြို့နယ်အနောက်ဘက်တွင် အခြေစိုက်သည့် မောရဝတီရေတပ်စခန်းကလည်း ၎င်းတို့၏တပ်စခန်းမှ လက်နက်ကြီးများကို ဇာဒီမြစ်အထက်ပိုင်း ဇာဒီကျေးရွာသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ရမ်းသမ်းပစ်ခတ်မှုများကြောင့် ဒေသခံလယ်သမားများသည် လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာကာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဧပြီလ (၁၉) မှ (၂၄) ရက်နေ့အထိ စစ်ကောင်စီရေတပ်က တစ်ရက်လျှင် လက်နက်ကြီး အနည်းဆုံး (၉) ခန့် နေ့စဉ်ပစ်ခတ်နေသည်။ လက်နက်ကြီးကျည်များသည် ၎င်းတို့၏လယ်ကွင်းထဲသို့ တိုက်ရိုက်ကျရောက်ပေါက်ကွဲခဲ့ကြောင်း ရေဖြူမြို့နယ် ဇာဒီကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲသဖြင့် ထိခိုက်သေဆုံးမှုများကို ကြုံတွေ့ရသည့်အပြင် မပေါက်ကွဲသေးသည့် လက်နက်ကြီးကျည်များကလည်း လယ်ကွင်းနှင့် ကျေးရွာအနီးတဝိုက်တွင် တည်ရှိနေသည်။ ဇာဒီ၊ ထွက်ဝ၊ ဒိုက်တကော်နှင့် ကျောက်ထရံကျေးရွာများမှ ဒေသခံပြည်သူများသည် လက်နက်ကြီးကြောင့် အသက်အန္တရာယ်ထိခိုက်မည်ကို စိုးရိမ်ကြောက်လန့်နေရသည်။

၎င်းပြင် ကြက်မောက်တောဘုန်းကြီးကျောင်းမှ ဖြူနပ်ကျေးရွာတစ်လျှောက်ရှိ ခြံသမားများနှင့် အလုပ်သမားများသည် လည်း လက်နက်ကြီးပစ်ခတ်မှုကြောင့် လုပ်ငန်းခွင်များကို ရပ်နားထားရသည်။ စစ်သင်္ဘောက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေခြင်း ဖြစ်သည်။

ဧပြီလ (၂၂) ရက်နေ့တွင် ရေဖြူ အနောက်ဘက်ကမ်းသို့ စစ်ကောင်စီတပ်သားများ ရောက်ရှိလာပြီး စစ်ရေးတင်းမာ လျက်ရှိရာ ဒေသခံပြည်သူများမှာ ကြောက်ရွံ့နေကြသည်။

ဧပြီလ (၂၅) ရက်နေ့တွင် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထားဝယ်အနောက်ဘက် လောင်းလုံးမှ သက်ကြီးပိုင်းအမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည်။ လောင်းလုံးမြို့ စစ်ဖက်ရေးရာ ထောက်လှမ်းရေးရုံး တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက လက်နက်ကြီးဖြင့် (၅) ကြိမ်ခန့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ပစ်ခတ်ချိန်တွင် တိုက်ပွဲဖြစ်ပွားနေခြင်းမျိုး မရှိချေ။

အသက် (၇၅) နှစ်အရွယ် ဒေါ်ခင်အေးသည် ၎င်း၏ခြံဝင်းထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည့် လက်နက်ကြီးကျည်စ ထိမှန်ခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် အနီးအနားရှိ သက်ကြီးပိုင်းအမျိုးသားတစ်ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ပြီးခဲ့သည့် (၃) လတာ ကာလအတွင်း တနင်္သာရီဒေသတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ (၃၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး (၅) ဦး သေဆုံးခဲ့သည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဧပြီလ ၂၀၂၄

HURFOM